
ကိုပိုက်

ပက်ဃရီရာ



ပက်ထရီရှာ

ကိုပိုက်

*

မွေးမေ၊ မွေးဖေ၊

ဘရသေ့

ပြီးတော့...

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။

***

ပဲခူးရိုးမ၏ တောင်သလဲ သစ်ထုတ်စခန်း ကားလမ်းမကြီးပေါ်တွင် TE-I1 ခေါင်းစိမ်း ကားကြီးသည် အမှောင်ထုကို ကားမီးဖွင့်ထိုးဖောက်၍ မောင်းနှင်လာလေ၏။

ကားအင်ဂျင်စက်သံကြောင့် အနီးတစ်ဝိုက်ရှိ အိပ်တန်းဝင် သားကောင်ကြီးငယ်တို့သည် လန့်ဖျပ် ပြေးလွှား တောတိုးသံသည်ကား အင်ဂျင်စက်သံကို မကျော်လွှားနိုင်ကြသည်ကြောင့် ကားခေါင်းတွင်း လိုက်ပါ စီးနင်းလာသည့် သစ်တောဝန်ထောက်ကြီး မစ္စတာမိုင်းလက် တစ်ယောက် မကြားနိုင်ဆိုပေမင့် သစ်တောဝန်ထောက်ကြီး မစ္စတာမိုင်းလက်သည် သူ့ကြောင့်

တောတွင်းနေ သားကောင်လေးများ လန့်ဖျပ်ပြေးလွှား သွားနိုင်လောက်သည် သိထားပြီး ဖြစ်သည်ကြောင့် လွန်မင်းစွာ စိတ်မကောင်း ဖြစ်ရသည် ဆိုငြား သူ့နံဘေးတွင် အိပ်ပျော်လျက် စီးနင်းလိုက်ပါလာသည့် သမီးဖြစ်သူ ပက်ထရီရှာလေး အတွက်တော့ဖြင့် သူ ဦးစားပေးရမည်ဖြစ်၍ သားကောင်တို့အတွက် စိတ်မကောင်း ဖြစ်ရခြင်းကို မေ့ဖျောက် ထားလိုက်ရတော့၏။

"ကျွန်တော်တို့ 'ဖာလာ' စခန်းမယ် ညအိပ်ကြမလား"

သို့ မေးလာသည့် ကားသမားကို မစ္စတာမိုင်းလက် ခေါင်းခါပြလိုက်၏။ အခါတိုင်းဆိုလျှင် မစ္စတာမိုင်းလက်တစ်ယောက် တောင်သလဲ ဆင်စခန်းသို့ သွားသည်တွင် ဖာလာစခန်းတွင် တစ်ညတော့ တည်းခိုလေ့ရှိ၏။ ယခုတော့မူ သမီးလေး ပါလေသဖြင့် အနေအထိုင် အစားအသောက် ဆင်းရဲမည်စိုးသဖြင့် တောင်သလဲဆင်စခန်းသို့ လမ်းတွင် မနားလေဘဲ အပြင်းခရီးနှင်လာခဲ့ခြင်း ဖြစ်၏။

သို့ ကားကြီးသည် တောလမ်းခရီးအတိုင်း မှောင်နဲ့မည်းမည်းအတွင်း ဆူညံစွာ အော်ဟစ် မောင်းနှင်လာခဲ့ရာမှ တောင်ကြောအတက် တစ်ဆစ်ချိုး အကွေ့လေးတစ်ခု အရောက်တွင် မမျှော်လင့်သော အန္တရာယ်နှင့် ထိပ်တိုက်တိုးလေတော့၏။

"ဟာ"

"ဟင်"

မစ္စတာမိုင်းလက်ကော ကားသမားပါ မျက်လုံးမျက်ဆန် ပြူးသွားကြတော့၏။

တောဆင်ရိုင်းကြီး တစ်ကောင်သည် ကားရှေ့ ကိုက် ၅၀ လောက် အကွာတွင် ဦးတိုက်၍ မားမားမတ်မတ် ရပ်နေပါကလား။

သို့ မြင်လိုက်ရသော မြင်ကွင်းကြောင့် ကားဆရာသည် တဒင်္ဂ် ကြောင်သွားကာ ကားလက်ကိုင်ကို ဆွဲလှည့်မိလျက်သား ဖြစ်သွားတော့၏။ ထိုသည်ကား အကြီးမားဆုံးသော အမှားကြီး ဖြစ်တော့၏။

"ဟာ.. ဟာ.. ဟာ"

"အာ... အား... အား"

ကားသည် တစ်ဖက်ချောက်အတွင်း ထိုးကျသွားတော့၏။ ကံကောင်းသည်မှာ မတ်စောက်စောက်ချောက် မဟုတ်။ ဆင်ခြေလျှောဖြစ်ချေ၏။ သို့ပေမင့် ပြေပြေလေးတော့ မဟုတ်။ ချောက်နံရံတွင် သစ်ပင်ကြီးများ ချုံပုတ်ပင်တို့နှင့် ရောယှက်၍ ဝါးပင်တို့လည်း ရှိလေခြင်းကြောင့် တော်သေးတော့၏။ အချိန်အတော်ကြာကြာ တိုးတိုးတိုက်တိုက် ဆင်းသွားလေပြီးမှ ရေရှိသော ချောင်းတွင်း ကားခေါင်း ဦးစိုက် ရပ်တန့်သွားတော့၏။

"ဟင်"

မစ္စတာမိုင်းလက် သွေးလန့်သွားတော့၏။ ကားဆရာလည်း ကားစတီယာတိုင်၏ ရင်ညွန့် အောက်မှ ထိုးဖောက် ဝင်ရောက်ခြင်း ခံလိုက်ရသဖြင့် ကားရှေ့ လေကာမှန်ကွဲတို့ကြောင့် မျက်နှာတစ်ပြင်လုံး ပြတ်ရှဒဏ်ရာများ ရလျက် မျက်လုံးပြူးထွက် သွေးတို့နီရဲ သေပွဲဝင်သွားပါကောလား။

"သမီးလေး... သမီးလေး"

သို့ကြောင့် သမီးလေးကို လှည့်ကြည့်မိ၏။

အလိုလေးဗျာ..... နဖူးတွင် စောင့်မိဒဏ်ရာကြောင့် အနည်းငယ်ကွဲလျက် သွေးတို့ ယိုစီးကျနေ၏။

ထိတ်လန့်မှုကြောင့် ... မေ့မြောနေလေ၏။ ထိုသည်ပင် ဘုရားမခြင်းဟုပြောရမလိုပင်။

အကယ်၍များ သမီးလေး သတိရနေပါလျှင် ကားဆရာ၏ ရုပ်ပျက်ဆင်းပျက် သေဆုံးနေပုံကို မြင်ပြီး သွေးလန့် သေသွားနိုင်လောက်၏။

သို့ကြောင့် မစ္စတာမိုင်းလက်သည် သမီးလေးကို ကပျာကယာ ပွေ့ယူ၍ ကားရှေ့ခေါင်းခန်းမှ ခက်ခက်ခဲခဲ တိုးထွက်ခဲ့တော့၏။

ကားနှင့် အတန်လှမ်းလှမ်း ရောက်လေမှ တစ်စုံတစ်ခုကို သတိရလိုက်သည်ကြောင့် မေ့မြောနေသော သမီးလေးကို သစ်တစ်ပင်အခြေတွင် ညင်သာစွာ ချထားလိုက်လေပြီး ပြန်ပြေးသွားလိုက်တော့၏။

ဟူး... တော်ပါသေးရဲ့၊ သူ့ရဲ့သေနတ်ကို ကပျာကယာ ကားရှေ့ခန်းမှ ဆွဲထုတ်လိုက်၏။

ဝင်ချက်စတာရိုင်ဖယ် ဖြစ်သည်။ တောစခန်းတွင်နေစဉ် အပျော်တမ်း အမဲလိုက်ရန် ယူလာသော သေနတ် ဖြစ်၏။

ထိုသေနတ်သည် ယခုအခါတွင် သူ့အတွက် အရေးပါသော မိတ်ဆွေကောင်း တစ်ယောက်ပင် ဖြစ်တော့၏။

သူတို့သားအဖ၏ လုံခြုံရေးအတွက်သော် လည်းကောင်း ရိက္ခာအတွက်သော် လည်းကောင်း မရှိမဖြစ် သေနတ်ပင်ဖြစ်၏။

သို့ဆိုတော့ သေနတ်ကျည်အိမ်အတွင်း ... ကျည်အပြည့် ရှိသည်နှင့်တော့ မလုံလောက်နိုင်။ သို့ကြောင့် အတောင့်တစ်ရာ ထည့်ထားသည့် ကျည်ဘူးကို မရမက ကားရှေ့ခေါင်းခန်းတွင်း ရှာဖွေယူလိုက်ပြန်၏။ ကျည်များကို ရသည်နှင့် ကားမှ ပြန်ခွာလိုက်တော့၏။

သမီးလေးကို ပွေ့မချီလျက် ထိုနေရာလေးမှ ခြေဦးတည့်ရာ ထွက်ခဲ့တော့၏။ မှောင်နှင့် မည်းမည်းမှပင် စမ်းတဝါးဝါး လျှောက်လေခြင်း

ဖြစ်သည်။

ဝေးဝေးလံလံသို့ လျှောက်ခဲ့လေခြင်းတော့ဖြင့် မဟုတ်။ ကားနှင့် အတန်အငယ် ဝေးသည့် နေရာလောက်သာ လျှောက်ခဲ့လေခြင်း ဖြစ်၏။

မှောင်နှင့်မည်းမည်း အတွင်း အန္တရာယ်နှင့် ထိပ်တိုက် တိုးမည်ကိုလည်း ကြောက်ရသေး၏။

ကားနှင့်ဝေးလျှင် တော်ပေပြီ။ သမီးလေး သတိရလာလျှင် ကားရှေ့ခေါင်း ခန်းတွင် ရုပ်ပျက်ဆင်းပျက် သေနေသည့် ကားဆရာကို မမြင်တွေ့မိဖို့ အရေးကြီးသည် မဟုတ်ပါလား။

မစ္စတာမိုင်းလက် တစ်ယောက် လွန်မင်းစွာ ကြီးမားသည့် သစ်တစ်ပင် အောက်ခြေတွင် ခရီး အဆုံးသတ်လိုက်တော့၏။

အနားရောက်လေမှ ထိုအပင်ကြီးသည် သစ်ပုပ်ပင်ကြီး ဖြစ်မှန်း သိလိုက်ရ၏။ ကောင်းတာပေါ့ လွန်စွာမျှ ကြီးမားသော ပါးပျဉ်းဘောင်ကြီးများသည် သူတို့သားအဖကို လုံခြုံမှု ပေးနိုင်ချေ၏။

အတန်ကြာတွင် သမီးလေး ပက်ထရီရှာ သတိရလာ၏။

"ဒယ်ဒီ.... သမီးတို့ ဘယ်ရောက်နေတာတုံး"

အမှောင်ထုအတွင်း စူးစမ်းကြည့်ရင်း ပက်ထရီရှာက မေးလာချေ၏။

"ကားပျက်လို့ သည်မယ် ဖြစ်သလိုတစ်ညအိပ်ပြီး မနက်ကျမှ ခရီးဆက်မယ်"

သို့ မစ္စတာမိုင်းလက်က တဒင်္ဂ အဆင်ပြေရေးအတွက် ပြီးစလွယ် ပြောလိုက်၏။

သည်တော့ ပက်ထရီရှာသည် ခေါင်းလေးတစ်ချက် ဆတ်ခနဲ ညိတ်လိုက်လေပြီး "သမီး အိပ်ချင်တယ်" ဆိုလျက် မစ္စတာမိုင်းလက်၏ ရင်ခွင်အတွင်း

ခေါင်းတိုးဝှေ့ မျက်လုံးအစုံကို မှိတ်လိုက်လေ၏။

"ဟူး"

မစ္စတာမိုင်းလက် တစ်ယောက် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး သမီးလေးကို ရင်ခွင်တွင်း ပွေ့ဖက်ထားလိုက်တော့၏။

သမီးလေးကို တောစခန်း ခေါ်လာမိသည်မှာ သူ့အတွက် အမှားကြီး မှားလေပြီလား မသိချေ။

သူတို့ ဘယ်ရောက်နေသည် သူ မသိနိုင်သေးပါ။ မနက် လင်းလင်းချင်း ချင်းကျမှ နေရာ အနေအထားကို ကြည့်၍ ခန့်မှန်းရပေဦးမည်။

တောင်သလဲ ဆင်စခန်းမှ ဆင်လုပ်သားတို့၏ ကလေးများကို ပညာသင်ကြားပေးရန် သမီးဖြစ်သူ ပက်ထရီရှာကို ကျောင်းနားရက် အချိန်အတွင်း ခေါ်လာခဲ့ခြင်းဖြစ်၏။

သမီးဖြစ်သူကလည်း ကျောင်းဆရာမ အလုပ်ကို ဝါသနာပါလေသည် ဖြစ်၏။

တောင်သလဲ ဆင်စခန်းရှိ ကလေးများကို မစ္စတာမိုင်းလက် သနားမိ၏။ လုပ်ငန်းခွင်ရှိရာ မိဘများထံ၌သာ နေထိုင်ကြရလေခြင်းကြောင့် ကျောင်းနှင့် အနေဝေးကြရ၏။ ပညာ မသင်ကြားကြရချေ။ သို့ကြောင့်...

ထိုကလေးငယ်တို့၏ ပညာရေးကို တစ်ဖက်တစ်လမ်းမှ တာဝန်ယူရန် သမီးဖြစ်သူကို ပြောပြမိ၏။ -

"ဒယ်ဒီရယ် သိပ်ကောင်းတာပေါ့ သမီးကလည်း လုပ်ငန်းခွင် မဝင်ရသေးဘူးဆိုတော့ ဒယ်ဒီတို့ ဆင်စခန်း လိုက်ခဲ့မယ်လေ၊ အဲဒီက ကလေးတွေကို သမီး စာသင်ပေးမယ်"

သို့ဆိုသလို ပက်ထရီရှာက လှိုက်လှိုက်လဲလဲ ပြောလာခြင်းကြောင့်

ဝမ်းမြောက်ဝမ်းသာ ခေါ်လာခဲ့ခြင်းဖြစ်၏။

ယခုတော့ လမ်းတွင် ဒုက္ခရောက်ကြရချေပြီ ဖြစ်၏။ သို့တောင်မှ ရှေ့လျှောက် ဘယ်လို ဖြစ်လာဦးလေမည် မသိချေ။ မြင်သာထင်သာရှိမိုးလင်းချိန်ကျမှ အခြေအနေမှန်ကို တွက်ဆနိုင်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သည်တစ်ညတွင်မတော့ သူတို့ သားအဖ၏ လုံခြုံရေးကို သူ ကြပ်ကြပ်မတ်မတ် သတိထားရပေရော့မည်။

သမီးလေး ပက်ထရီရှာသည် အဖြစ်မှန်ကို မသိရှာနိုင်ချေ။ သူရင်ခွင်တွင်းနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ ဖြစ်၏။

သို့ကြောင့် သူသည် သမီးလေးကို အသာအယာ သစ်ပင်ကို ကျောမှီချထားလိုက်လေပြီး ဖြုတ်၊ မှတ်၊ ခြင်ရန်မှ ကင်းရန်သော်လည်းကောင်း၊ သားကောင်ကြီးများကို ဟန့်တားနိုင်ရန် အလို့ငှာ လည်းကောင်း ထင်းမီးဖို့ရန် စိတ်ကူးရလိုက်သည်ကြောင့် အနားပတ်ဝန်းကျင်တွင်ရှိ ထင်းခြောက်ထင်းတုံးများကို လိုက်လံစုဆောင်း၍ မီးဖိုလိုက်တော့၏။

ထင်းမီးပုံမှ မီးတောက်ရဲရဲကြောင့် အနွေးဓာတ်လေးပင် ရလိုက်သေးတော့၏။ အဆာပြေစားရန် အလို့ငှာ သူ့ဖီးလ်ဂျက်ကက်အိတ်ကပ် အတွင်းမှ ဆင်းဒဝစ္ဆနှစ်ခု ရှိသေး၏။ သမီးလေးဆာလျှင် ကျွေးရန် ဆုံးဖြတ် လိုက်ခြင်းကြောင့် သူ ဆာသော်လည်း မစားဘဲ အိတ်ကပ်တွင်း ပြန်ထည့်လိုက်တော့၏။

သစ်ပင် ကျောမှီ၍ အိပ်ပျော်နေသော သမီးလေး၏ ခန္ဓာကိုယ်ကို အသာအယာ ဆွဲယူလိုက်လေပြီး သူ့ရင်ခွင်တွင်း ထွေးပွေ့ထားလိုက်ပြန်၏။

သေနတ်ကိုတော့မူ ပေါင်ရင်းတွင် ကပ်လျက်သား ထားလိုက်၏။ အရံသင့်ပစ်ခတ်နိုင်ရန် အလို့ငှာလည်း မောင်းတင်ထားပြီး ဖြစ်တော့၏။

သူသည်တော့ဖြင့် လုံးလုံးလျားလျားကြီး အိပ်ပျော်သွား၍ မဖြစ်၏။ သားအဖနှစ်ယောက် လုံခြုံရေးအတွက် သူ့တွင်သာလျှင် တာဝန်ရှိသည် မဟုတ်ပါလား။

သို့ကြောင့် အိပ်ပျော်မည်လုပ်တိုင်း ခေါင်းကို ဆတ်ခနဲ ထောင်၍ ခါလိုက်ရ၏။

သို့ပြုမူခြင်းသည် ကြိတ်မှိတ်လုပ်ရခြင်း ဖြစ်၏။ သမီးလေး အိပ်ပျော်ရာမှ နိုးလာမည်ကိုလည်း စိုးရိမ်ရသည် မဟုတ်ပါကလား။

သို့ဖြင့် တစ်စတစ်စ ညဉ့်နက်လာတော့၏။

"ဒုတ်... ဒုတ်.... ဖျောက်... ဖျောင်း"

"ဒုတ်... ဒုတ်... ဒုတ်"

ညဉ့်သန်းခေါင်ယံတိုင် ဝါးခုတ်နေကြခြင်းတော့ဖြင့် မဟုတ်။ ဘယ်လို လူစားက သည်လို ညဉ့်သန်းခေါင်ယံ အချိန်မျိုးတွင် တောကြီးမျက်မည်း အတွင်း ဝါးလာခုတ်ပါမတုန်း။ ခုတ်ဝံ့ပါမလဲ။ ဒါ တောခြောက်တာပဲ ဖြစ်ချေရော့မည်။

သမီးလေး အိပ်ပျော်နေပေလို့။ သမီးလေးသာ ထိုတောခြောက်သံ ကြားလျှင် ထိတ်လန့်ကောင်း ထိတ်လန့်ပေရော့မည်။ အိပ်ပျော်နေလို့ တော်ပါသေးရဲ့။

"ရွှစ်... ရွှီး"

ငှက်ဆိုးကောင်ကလည်း ဦးခေါင်းထက်မှ ဖြတ်ပျံသွားရင်း အော်ဟစ်သွားသေးတော့၏။

"တောက်... တောက်... တောက်... တောက်"

"တောက်... တောက်"

"တောက်"

ဆိုသည့်အသံကား တုံးခေါက်သံလို တောခြောက်သံတော့ဖြင့် မဟုတ်။

သစ်တောက်မ အစာကောက်နေခြင်း ဖြစ်ချေ၏။

တစ်ချက် တစ်ချက် တောပန်းရနံ့ စိမ်းရွှေရွှေလည်း ရလိုက်သေးတော့၏။ ဟိုးအဝေး တောင်ကြောပေါ်မှ ကျားတစ်သံ တစ်ချက်တစ်ချက် ကြားရ၏။

"ရှီး"

"ရှီး" လို့ မြွေတွန်သံရှည်ကိုလည်း ကြားရ၏။

ထိုသည်ကြားမှ ...

"ရွှစ်"

လို့ အသံပြတ် မြွေတွန်သံက ခပ်လှမ်းလှမ်းလောက်ဆီမှ ကြားလိုက်ရလေခြင်းကြောင့် မစ္စတာမိုင်းလက် ခေါင်းကြီးသွားမိလေ၏။ မြွေဆိုးကောင် အနားနီးတွင် ရှိနေပါကလား။

သို့ကြောင့် သူ့ရှေ့လှမ်းလှမ်း နေရာလေးဆီသို့ စူးစိုက်ကြည့်နေမိ၏။

နားစွင့်ထားလိုက်မိ၏။

ဘယ်နေရာလောက်ဆီမှ မြွေဆိုးကောင် ထွက်လာနိုင်ခြင်းကို ခန့်မှန်းကြည့်နေရတော့၏။

သို့ဆိုပါလျှင် လက်ဦးမှု ရယူထားလေမှ တွက်လျက် သေနတ်ကို ညာလက်ဖြင့် ထိခတ် ကိုင်ထားမိတော့၏။

တစ်ရံတစ်ခါ ဆိုသလို အဝေးတောင်ကြားတို့ပေါ်မှ လေပြင်းတိုက်ခတ်သံကို ကြားရ၏။

တောလဲသံတို့ ကြားရ၏။

တောမှောက်နေခြင်းသို့သာလျှင် ဖြစ်တော့သည်။

သူတွက် မထူးဆန်း ဆိုသော်လည်း တောတောင်ထဲ သည်တစ်ခေါက် သာလျှင် လိုက်လာခဲ့ဖူးသော သမီးလေးအတွက် ဆိုပါက လွန်မင်းစွာ အံ့သြဖွယ် ထိတ်လန့်ဖွယ်တွေချည်းသာ ဖြစ်နိုင်ချေ၏။

သမီးလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေခြင်းကြောင့် တော်သေး တော့၏။

သို့ကြောင့် နည်းနည်းလေးမှ ခပ်ကြမ်းကြမ်း မလှုပ်ခတ်ရဲဖြစ်၏။ အိပ်ပ လေ့စေ့ မိုးလင်းမှနိုးလေ ကောင်းလေ ဖြစ်တော့၏။

မစ္စတာမိုင်းလက်တစ်ယောက် မှိန်းလိုက် မျက်လုံးအစုံကို ပြူးပြူးကြီး လုပ်လိုက်ဖြင့် လင်းအရဏ် ရောက်လာရချေတော့၏။

ရောင်နီပင် ရောက်လာချေပြီ ဖြစ်သလို ကျေးငှက်သာရကာတို့၏ အသံ တစာစာတို့ သည်လည်း ပေါ်ထွက်လာတော့၏။

သို့ဆိုတော့ ညကနှင့် လားလားမျှ မဆိုင်ပါလေတော့။ တောသည် နှစ်လို ဖွယ် ချစ်စဖွယ်ပါ ကလားလို့ ထင်မှတ်မှားလောက်ချေသည်။

"ဒယ်ဒီ.... မိုးလင်းပြီး၊ ကားဆရာကော"

ပက်ထရီရှာ အိပ်ရာမှ နိုးထသည်နှင့် မေးလေသဖြင့် မစ္စတာမိုင်းလက် တွေဝေသွားတော့၏။

သူ ဘယ်လိုဖြေရမလဲ။

မိုးလင်းပြီဆိုတော့ ဖြစ်ရပ်မှန်ကို ထိမ်ချန်စရာ မလိုတော့ဟု တွက် လိုက်ကာ...

"ညက ဒယ်ဒီတို့ကား ချောက်ထဲကျခဲ့တာ"

လို့ ပြောလိုက်သည်နှင့် ပက်ထရီရှာသည် ကိုယ်လေးကို တွန့်လိုက်လေ

ပြီ..

"ဟင်.. နို့ဖြင့် သမီးတို့ ဘာမှမဖြစ်ဘူးပေါ့"

လို့ အံ့သြတကြီးဖြင့် ပြောလာချေတော့၏။

"ကားကော... ကားဆရာကော"

သို့ မေးလာပြန်၏။

"ကားဆရာတော့ သေပြီ" သို့သာ ပြောလိုက်၏။

ဘယ်မတုန်း မမေးလာသလို သူကလည်း ဘယ်မှာရယ်လို့ မပြောပါလေ တော့ချေ။

"လာ... သမီး၊ တောင်သလဲစခန်း သွားကြစို့"

သို့ ဆိုလျက်သာ သမီးဖြစ်သူ ပက်ထရီရှာကို လက်ဆွဲ၍ ထိုနေရာလေးမှ ခပ်သုတ်သုတ် ထွက်ခဲ့တော့၏။

သို့ ထွက်ခဲ့သည် ဆိုသော်လည်း မည်မည်ရရတော့ဖြင့် ဘယ်ရယ်လို့တော့ ဖြင့် ဦးတည် လျှောက်ခဲ့လေခြင်း မဟုတ်။ ခြေဦးတည့်ရာ လျှောက်ခဲ့လေ ခြင်း ဖြစ်တော့သည်။

မစ္စတာမိုင်းလက် တစ်ယောက် သူ ဖြတ်သန်း တောတိုးခဲ့ရာ လမ်း တစ်လျှောက် ချောင်းမြောင်နှင့် သစ်ပင်ကြီးတို့ကို စေ့စေ့ကြည့်လေပြီး မည် သည့်နေရာဖြစ်သည် မှန်းဆခဲ့ပေမင့် တိတိကျကျတော့ဖြင့် မသိနိုင်လေ ခြင်းကြောင့် တစ်စုံတစ်ဦး တစ်ယောက် သစ်ခုတ် ဝါးခုတ်သမား တွေ့လျှင် မေးကြည့်လေမည် စဉ်းစားခဲ့ငြား လူ့အရိပ်အယောင်ပင် မတွေ့လေခြင်း ကြောင့် ထိုနေရာဖြစ်နိုင်။ ဟိုနေရာဖြစ်နိုး တွက်ဆချင့်ချိန် လျှောက်ခဲ့ရာမှ ပျဉ်းကတိုးတော တစ်ခုသို့ ရောက်လာသည်တွင် မမျှော်လင့်ဘဲ ကျီ(ချေ)တစ် ကောင်ကို တွေ့လေသည်ကြောင့်...

"သမီး... ခဏနေချဉ်း"

ဆိုလျက် မစ္စတာမိုင်းလက်သည် ပစ်မှတ် နီးကပ်လိုသည်ကြောင့် ရှေ့သို့ ဆဆ တိုးသွားလိုက်လေ၏။

ပက်ထရစ်ရှာသည် ဖခင်က ခဏနေချဉ်း ပြောလေသည်ကြောင့် သစ်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် သွားထိုင်နေလိုက်တော့၏။

"ဆာလိုက်တာ"

သို့သာ ညည်းလိုက်မိ၏။ ဖခင်ဖြစ်သူ စိတ်မကောင်းမည် စိုးရိမ်လေသဖြင့် ကုပ်ကုပ်လေးသာ ဆိတ်ဆိတ်နေလိုက်သည်။

သူ့ဖခင်ထံတွင်လည်း မည်သည့်အစာမျှ ရှိနိုင်မည် မဟုတ်သည်ကို သိထားလေသည်ကိုး။

ဖခင်ဖြစ်သူက ဂျီ(ချေ)ကောင်လေးကို ပစ်ခတ်မည် သိငြား သူမ မတားဖြစ်တော့ချေ။

သူမသည်လည်း ဆာလောင်နေမှုကို ထိုဂျီ(ချေ)ကောင်က ဖန်တီးပေးနိုင်စွမ်း ရှိသည်ပေပဲ။

ဒယ်ဒီရယ် သနားပါတယ်။ ပစ်မနေပါနဲ့ ပြောနိုင်စွမ်းလည်း သူမတွင် မရှိတော့ပြီပဲ။ ဒယ်ဒီ ပစ်မှတ်မလွဲပါစေနဲ့ လို့တောင် ဆုတောင်းမိသေးတော့၏။

"ဒိန်း"

ဟော မစ္စတာမိုင်းလက် သားကောင်ကို ပစ်လိုက်လေပြီပဲ။ သို့ကြောင့် သူမသည် ဖခင်ဖြစ်သူရှိရာသို့ လှမ်းကဲကြည့်လိုက်၏။

ပစ်မှတ် လွဲချော်သွားပုံရ၏။

ဂျီ(ချေ)ကောင်လေးကိုတော့ဖြင့် သူမ မမြင်ရပါချေ။ ဖခင်ဖြစ်သူကတော့

ဖြင့် စိတ်ဓာတ်ကျစွာသော မျက်နှာပေးလေးဖြင့် သူမကို လှမ်းကြည့် လက်ယပ် ခေါ်နေလေခြင်းကြောင့် သူမသည် ကပျာကသီပင် ဖခင်ဖြစ်သူထံ ပြေးသွားတော့၏။

"လွဲချော်သွားပြီပေါ့"

သူမအမေးကို ဖခင်ဖြစ်သူက ခေါင်းကို ယမ်းခါပြလာလေပြီး...

"မှန်သွားပါတယ် သမီးရယ်၊ နို့ပေမင့်လို့ ချက်ကောင်းကို မထိလို့ ဖြစ်လိမ့်မယ်"

ပြောလေသဖြင့် သူမ သဘောပေါက်လိုက်လေပြီ ဖြစ်၏။

"နို့ဖြင့်"

သူမ,က ပြောပြီး အဝေးတစ်နေရာသို့ လှမ်းကြည့်လိုက်၏။

ဒဏ်ရာရ ချေ(ဂျီ)ကောင်သေကိုများ တွေ့လေမလား။

‘‘သည်ချုံပုတ်နောက်ကွယ်ဘက် ပြေးသွားတာ သမီး"

"နို့ဖြင့်"

"လိုက်ရမှာပေါ့၊ နို့ကြောင့် သမီးကို လှမ်းခေါ်တာ"

သို့ဖြင့် မစ္စတာမိုင်းလက်တို့ သားအဖသည် ဂျီး(ချေ)ကောင် ဝင်ပြေးသွားရာ ချုံပုတ်တောအတွင်း တောတိုးလိုက်သွားကြတော့၏။

ဒဏ်ရာကြောင့် ဗုန်းဗုန်းလဲ မသေခဲ့ရပေမင့် သွေးတို့ အတော်ထွက်နေပုံရ၏။ ချုံပုတ်ပင်နှင့် မြေပြင်တို့တွင် သွေးစက်တို့ စွန်းထင် ကျန်ရစ်ခဲ့လေခြင်းကြောင့် မစ္စတာမိုင်းလက်သည် သူ့လက်က ပြေးမလွတ်ပြီ တွက်၍ ခြေလှမ်းကိုမြှင့် တောတိုး လျှောက်သွားလေသဖြင့် ပက်ထရီရှာ တစ်ယောက် သူ့ဖခင်နောက် အပြေးကလေး လိုက်ရချေ၏။

ပျဉ်းကတိုးတောမှသည် လွန်၍ ပန်းစုံတောသို့ ရောက်ခဲ့ပြန်၏။ ခြေရာခံ

လိုက်နေသော ဂျီ(ချေ) ကောင်လေးခြေရာ သွေးစက်ပြတ်သွားလေပြီ ဖြစ်သဖြင့် မစ္စတာမိုင်းလက် တစ်ယောက် လွန်မင်းစွာ စိတ်ပျက်သွားတော့၏။

သို့ကြောင့် နီးစပ်ရာ သစ်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ရင်း . . .

"လာ... သမီး၊ သည်ကောင့်နောက် မလိုက်တော့ဘူးကွာ၊ သည်မှာပဲ ခဏတစ်ဖြုတ်နားပြီး နောက်ကြောင်း ပြန်လှည့်တာပေါ့"

လို့ ပြောလာလေ၏။ သို့ကြောင့် ပက်ထရီရှာသည် ဖခင်ဖြစ်သူနား ကပ်၍ထိုင်လိုက်၏။

"သမီး ဆာနေရောပေါ့"

သူမ ခေါင်းညိတ်ပြခြင်းသာ ပြုလိုက်၏။ နှုတ်ကတော့ဖြင့် ထုတ်ဖော်မပြောပါတော့ချေ။

ဖခင်၏ ပခုံးကိုမှီ၍ မှိန်းနေလိုက်၏။

"ရေသောက်မလား သမီး၊ ဒယ်ဒီမယ် ဆင်းဒဝစ္စ ရှိသေးတယ်"

သို့ ဆိုလျက် အိတ်ကပ်တွင်းမှ ထုတ်ပေးလိုက်၏။

"ဒယ်ဒီလည်း စားပါဦး"

"သမီးပဲ စားပါ၊ ဒယ်ဒီ မဆာဘူး"

သည့်နောက် သားအဖနှစ်ယောက် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားပြန်၏။

"ဟာ... သမီး နေရစ်ခဲ့ဦး"

သို့ဆိုလျက် မစ္စတာမိုင်းလက်သည် ... သေနတ်ကိုဆွဲ၍ ရုတ်ခြည်းထ,ပြေးသွားလေသဖြင့် ပက်ထရီရှာတစ်ယောက် မျက်လုံးအဝိုင်းသားဖြင့် ကျန်ခဲ့ရပြန်တော့၏။

မစ္စတာမိုင်းလက် တစ်ယောက် ဘာကောင်တွေ၍ ရုတ်ခြည်း ထပြေးသွားပါလိမ့်။ ပက်ထရီရှာ အမြင်မှ မစ္စတာမိုင်းလက် ပျောက်သွားပြန်၏။ ချုံပုတ်ပင်တို့ကြား တိုးဝင်သွားလေသည်ကိုး။

"သမီး ဆာနေရောပေါ့"

သို့ ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် ပက်ထရီရှာသည် အသံလာရာသို့ လှည့်ကြည့်လိုက်၏။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ပက်ထရီရှာ ကြောက်လန့်စိတ် မဖြစ်မိသော်လည်း အံ့သြမှုတော့ဖြင့် ဖြစ်သွားရ၏။

သူမထက်ယှဉ်လျှင် လွန်မင်းစွာပုသူဟု ပြောရမည်ဖြစ်သည့် ရသေ့တစ်ပါး ဖြစ်ချေ၏။

ရသေ့ ဆိုသည်ကိုတော့ သူမ သိလိုက်၏။

ရသေ့လက်ထဲတွင် ငှက်ပျောတစ်ဖီးနှင့် ကြေးစည်လေးတစ်ခု တွေ့ရ၏။

ရသေ့က သူမကို ပြုံးကြည့်ရင်း ငှက်ပျောဖီးကို လှမ်းပေးလာ၏။

သူမ မငြင်းပယ်နိုင်တော့ပြီ။ ဆင်းဒဝစ္ဆလေး နှစ်ခုဖြင့် မတင်းတိမ်နိုင်။ လွန်မင်းစွာ ဆာလောင်နေပြီကိုး။ သို့ကြောင့် ရသေ့ ကမ်းပေးသော ငှက်ပျောဖီးကို လှမ်းယူလိုက်၏။

ရသေ့သည် သူမကို တွေ့တွေကြည့်နေလေပြီး နှုတ်မှလည်း သူမ နားမလည်နိုင်သည့် ဘုရားစာကို ရွတ်ဖတ်လိုက်လေပြီး လက်တွင်းရှိ ကြေးစည်လေးကို "နောင် ဝေ ဝေ ဝေ" လို့ မြည်အောင် ရိုက်ခတ်လိုက်လေပြီး သူမရှေ့မှ ကျောခိုင်း လျှောက်သွားလေတော့၏။

ကြေးစည်သံ လွင်လွင်လေးကြောင့် ပက်ထရီရှာသည် ကြည်နူးမှုဖြစ်လျက် မှင်တက်မိနေသည့် ကြားမှ ရသေ့သည် ပျောက်ကွယ် သွားလေ

တော့၏။

ပက်ထရီရှာ တစ်ယောက် ငှက်ပျောတစ်လုံးကို အဖီးမှဖြုတ်၍ အခွံနွာစားလိုက်တော့၏။

ချိုကလည်း ချို...

အေးကလည်း အေး... ကောင်းမှကောင်း။

ငှက်ပျောနှစ်လုံးခန့် စားလိုက်ပြီးသည်တွင် သူမ၏ ဆာလောင်ခြင်း ဝေဒနာ လုံးဝ ပျောက်သွားရတော့၏။

သို့ အချိန်ကလေးမှာပင် မစ္စတာမိုင်းလက် ပက်ထရီရှာအနား ပြန်ရောက်လာတော့၏။

သူမ လက်ထဲမှ ငှက်ပျောဖီးကို ကြည့်ရင်း အံ့သြနေပုံ ရချေ၏။ သို့ကြောင့် ပက်ထရီရှာက ရသေ့ ရောက်လာပုံ၊ ငှက်ပျောတစ်ဖီး ကျွေးပုံ၊ ဘုရားစာရွတ်ဖတ်၍ ကြွေးစည်ကို တီးခတ် ပြန်သွားပုံတို့ကို ပြောပြလိုက်လေ၏။

နို့ဖြင့် သမီးရယ် လမ်းစလေး ဘာလေး မေးထားကောပေါ့"

သို့ ပြစ်တင်စကား ဆိုလိုက်၏။

"သမီး ဆာတာနဲ့ မေ့သွားတယ် ဒယ်ဒီ" ဆိုလာ၏။

မစ္စတာမိုင်းလက် ဘာတတ်နိုင်ဦးပါမည်နည်း။

"ဒယ်ဒီ ဘာကောင်တွေလို့ ပြေးသွားတာတုန်း"

"လူတစ်ယောက်"

"ဟင်... နို့ဖြင့်..."

"လူတစ်ယောက် ဆိုပေမင့် ကလေးတစ်ယောက်လို့ ပြောရလေမလားဘဲ"

"ဒယ်ဒီကလည်း ကလေး လူကြီးတောင် မခွဲခြားတတ်ဘူးလား"

"မဟုတ်ဘူး သမီးရဲ့" ဆိုလျက်....

မစ္စတာမိုင်းလက် တစ်ယောက် ရိပ်ခနဲ လူတစ်ယောက် လှမ်းတွေ့လိုက်လေခြင်းကြောင့် ပက်ထရီရှာကို ခဏနေချဉီး ပြောလျက် ထိုလူထံ ပြေးသွားလိုက်လေ၏။

ထိုသူသည် မစ္စတာမိုင်းလက် သူ့ထံပြေးလာသည် သိလိုက်လေခြင်းကြောင့် သူတို့သားအဖကို ချောင်းမြောင်း ကြည့်နေရာမှ လှစ်ခနဲ လှည့်ပြေးသွားတော့၏။

မစ္စတာမိုင်းလက် တစ်ယောက် ရှေ့မှ ပြေးသွားသူကို ထင်းထင်းကြီး တွေ့လိုက်သည်ကြောင့် အံ့သြသွားမိတော့၏။

အရပ်အားဖြင့် သုံးပေခန့်သာလျှင် ရှိချေသည့် လူတစ်ယောက်ဆိုတော့ကလေး ဖြစ်ရမည်ပေါ့။

သို့ကြောင့်...

"ဟိတ်ကလေး... နေဦး... နေဦး... မပြေးနဲ့၊ ဘာ ကလေးကို ဘာမှမလုပ်ပါဘူး၊ မေးစရာရှိလို့"

သို့ မစ္စတာမိုင်းလက်က ပြောရင်း ပြေးလိုက်သွားပေမင့် ရှေ့မှ ပြေးသွားသူသည် ခြေလှမ်းရပ်တန့်ခြင်း မပြောလေနှင့်၊ အပြေးနှုန်းလည်း ချလိုက်လေခြင်းပါ မရှိသဖြင့် မစ္စတာမိုင်းလက်သည် အားသွန်စိုက်ပြေးလိုက်ခြင်းမှ ရပ်လိုက်တော့၏။

ဆက်မလိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ဘယ့်အတွက်မူ ပက်ထရီရှာ တစ်ယောက်တည်း ကျန်ခဲ့လေသည်ကိုး။

သို့ကြောင့် ထိုသူ ပြေးသွားခြင်းကိုသာ ရပ်ကြည့်နေလိုက်တော့၏။

နောက်မှ လိုက်ပါလာခြင်းမရှိသည်ကို သိလိုက်သည်ကြောင့် ရှေ့မှ

ပြေးလွှားသွားသူသည် ရပ်တန့်လိုက်လေပြီး နောက်သို့ လှည့်ကြည့်လာချေလေ၏။

"ဟင်..."

မစ္စတာမိုင်းလက် တစ်ယောက် လွန်မင်းစွာ အံ့သြမိသေးတော့၏။

သူထင်ထားသည်မှာ ကောင်လေးတစ်ယောက် ဖြစ်ချိမ့်မည်။ သို့ပေမင့် သူထင်ထားသလို ကလေးတစ်ယောက် မဟုတ်။ သာမန် လူကြီးတစ်ယောက် ဖြစ်နေလေခြင်းကြောင့် အံ့သြသွားတော့၏။

နဖူးမောက်မောက်၊ မေးကောက်ကောက်၊ မျက်လုံး ပြူးပြူး၊ နားရွက်ကားကား၊ အသားရောင်က ညိုညစ်ညစ်။

ဘုရားရေ နံငယ်ပိုင်းလေးသာလျှင် ပါချေ၏။ လူပုလေးတစ်ယောက်ပါကလား။

သူ့လက်ထဲတွင်မတော့ တစ်စုံတစ်ခုကို ကိုင်ထားပုံ ရခြင်းကြောင့် အစာထွက်ရှာသူ ဖြစ်ချိမ့်မည်ဟု တွက်ဆလိုက်၏။

သည်တောအတွင်း ထိုသူတို့စခန်း သို့မဟုတ်၊ လူနေတဲစု တစ်ခုတော့ဖြင့် ရှိလိမ့်မည်ဟု မစ္စတာမိုင်းလက် တွက်လိုက်လေပြီး ပက်ထရီရှာ ရှိရာသို့ ပြန်သွားလိုက်တော့၏။

"ဒယ်ဒီ... ငှက်ပျောသီး စားလိုက်ချဦး"

ပက်ထရီရှာ ကမ်းပေးလာသည့် ငှက်ပျောသီးတစ်လုံးကို အခွံနွာ စားလိုက်တော့၏။

"သမီးတို့ ဘယ်ဆက်သွားကြမလဲ"

"တောင်သလဲ ဆင်စခန်းကို သွားမှာပေါ့"

"ဒယ်ဒီက လမ်းသိလို့လား၊ ခု သမီးတို့ ဘယ်ရောက်နေပြီတုံး"

သို့ဆိုတော့ မစ္စတာမိုင်းလက် မပြောတတ်ချေလေပြီ။

"ကဲ... သမီး သွားကြမယ်"

ပက်ထရီရှာသည် သူမ၏ဖခင်ကို ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်လေပြီး . . .

"ဒယ်ဒီက သမီး ထိတ်လန့်မှာ စိုးရိမ်လို့ မပြောတာ မဟုတ်လား"

လို့ မေးလေသဖြင့်...

"ဘာကို ဆိုလိုချင်တာတုံး" လို့ ပြန်မေးလိုက်၏။

"ဒယ်ဒီ တောင်သလဲစခန်း ဘယ်လိုသွားရမယ် မသိဘူး မဟုတ်လား"

သို့ မေးလာသည့် သမီးဖြစ်သူကို မစ္စတာမိုင်းလက်သည် အားနာစွာ အကြည့်ဖြင့် ကြည့်လိုက်လေပြီး-

"ဒယ်ဒီ တောင်းပန်ပါတယ် သမီးရယ်၊ ဒယ်ဒီတို့ ဘယ်ရောက်လို့ ဘယ်ရောက်နေမှန်း မသိပါဘူး"

လို့ အားယုတ်လျော့လေသံဖြင့် ပြောလာချေတော့၏၊

"သမီး မကြောက်ပါဘူး ဒယ်ဒီ၊ သမီးအနားမယ် ဒယ်ဒီ ရှိတယ်၊ ပြီးတော့ ဒါလည်း ရှိတယ်လေ"

သို့ ဆိုလျက် မစ္စတာမိုင်းလက် ကိုင်ထားလေသည့် သေနတ်ကို မေးငေါ့ပြလေ၏။

သည်တော့မှ မစ္စတာမိုင်းလက် တစ်ယောက် သမီးဖြစ်သူကို အထင်ကြီးလေးစားစွာဖြင့် ပြုံးပြလိုက်လေတော့သည်။

တကယ်တော့ သမီးသည် အရွယ်ရောက်ပြီး မိန်းကလေးတစ်ယောက် ဖြစ်နေပါကောလား။ သမီးလေး ပက်ထရီရှာကို စေ့စေ့ကြည့်လိုက်မိ၏။

လွန်ခဲ့သော နှစ်အစိတ်လောက်က သူ ဘားအံတွင် တာဝန်ကျခဲ့၏။ သည်တွင် လိပ်သိုသူ နော်ဖောလူနှင့် သူ အိမ်ထောင်ကျခဲ့၏။ အိမ်ထောင်ကျပြီး နောက်တစ်နှစ်တွင် သမီးလေး ပက်ထရီရှာကို မွေးဖွားခဲ့၏။

သည်တော့ ပက်ထရီရှာသည် မြန်မာပြည်ပေါက် ကပြားမလေးဖြစ်၏။ ကပြား ဖြစ်လာခြင်းကြောင့် အမေသည် အရပ်ပုသော်လည်း သူမသည် သူ့ကဲ့သို့ အရပ်အမောင်း ကောင်းသောသူ ဖြစ်၏။

မြန်မာပြည်ပေါက် ဖြစ်လေခြင်းကြောင့် မြန်မာပြည်ကို ချစ်လေ၏။ မြန်မာစကားကို ခုံမင်လေ၏။

သို့ကြောင့် မြန်မာစာကိုသာ အားသွန်ခွန်စိုက် သင်ယူလေ၏။

မြန်မာစာအဓိက ယူခဲ့၏။ အချိန်တန် အရွယ်ရောက်လေတော့ ဘီအီးဒီ ဘွဲ့ရခဲ့၏။ ကျောင်းဆရာမ အလုပ်ကို လုပ်လို၏။ အလုပ်မဝင်မီ စပ်ကြားတောင်သလဲစခန်းမှာ ကလေးတွေကို ပညာသင်ပေးမည်ဟု ရည်ရွယ်ချက်ဖြင့် ဖခင်ဖြစ်သူနှင့် လိုက်ပါခဲ့ရာမှ ယခုလို သားအဖနှစ်ယောက် တောတောင်ထဲတွင် ဒုက္ခရောက်ခဲ့ရချေလေ၏။

နောက်ကြောင်း အေးသည်ဟုတော့ ပြောရပေမည်။ မစ္စတာမိုင်းလက်၏ဇနီး ပက်ထရီရှာ၏ မိခင် နော်ဖောလူသည် ပြီးခဲ့သောနှစ်က ကွယ်လွန်ခဲ့ချေခြင်းကြောင့် သားအဖ နှစ်ယောက်သာလျှင် ရှိလေသည်ကြောင့် ပြဿနာဖြင့် မရှိပါချေ။

သားအဖနှစ်ယောက် ... တောထဲ လမ်းပျောက်နေ၍က သားအဖနှစ်ယောက် အတူတူရှိနေသည်ပဲ။

သို့ကြောင့် ပက်ထရီရှာအတွက် ခွန်အားတွေရှိသလို မစ္စတာမိုင်းလက်အတွက် သမီးအတွက် စိုးရိမ်စိတ်တော့ဖြင့် သိပ်မရှိချေပြီ။ မျက်စိအောက်

တွင် သမီးရှိနေပြီပဲ။

"ကဲ သမီး၊ ဘာမှ အားမငယ်နဲ့၊ သားအဖနှစ်ယောက် တူတူရှိနေတာပဲ၊ သည်မယ်လဲ သေနတ်ရှိတယ်လေ၊ ရောက်လိုရာရောက်ကွာ၊ လမ်းဆုံး ရွာတွေ့လိမ့်မပေါ့"

သို့ အားတက်သရော ပြောလိုက်ပြီး မစ္စတာမိုင်းလက်တစ်ယောက် သမီးဖြစ်သူကို အားပါးတရ ပြုံးပြလိုက်တော့၏။

"အိုကေ ဒယ်ဒီ"

သို့ဖြင့် မစ္စတာမိုင်းလက်တို့ သားအဖသည် ရှေ့လျှောက် တောတိုးခဲ့ကြပြန်တော့သည်။

မစ္စတာမိုင်းလက် အားတက်သရော ဖြစ်နေ၏။

သည်တောနက်ထဲတွင် သူတို့သားအဖ နှစ်ယောက်အပြင် ရသေ့တစ်ပါး၊ လူပုလေးတစ်ယောက် ရှိနေသည်ကို သိထားလေပြီပဲ။

"အုဝူး ဝုအုံ တုံအုံ အူ"

သို့ မျောက်သံကြောင့် အသံလာရာ သစ်ပင်ထက်သို့ လှမ်းကြည့်လိုက်၏။ သစ်ကိုင်းသစ်ခက်တို့ လှုပ်ရှားနေသည်ကို စေ့စေ့ကြည့်လိုက်၏။

"တွေ့ပြီ မျောက်တစ်ကောင်"

သစ်ကိုင်းတစ်ခက်မှ တစ်ခက် ကူးလူး အော်ဟစ်နေခြင်း ဖြစ်၏။ သစ်တစ်ပင်ပေါ်တွင် တစ်ကောင်တည်း အသေအချာတွေ့ပြီ။

"သမီးရေ... မျောက်သား စားကြမယ်"

"ဒယ်ဒီ မှန်အောင်ပစ်လေ"

သို့ ပက်ထရီရှာက ပြောလိုက်၏။

"ဒိန်း"

ပြင်းထန်သော ယမ်းအား ပေါက်ကွဲသံနှင့်အတူ သစ်ပင်ကိုင်းထက်မှ မျောက်ကောင်သည် မြေပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလာတော့၏။

"ကွန်ကရာကျူလေးရှင်း ဒယ်ဒီ"

သို့ ပက်ထရီရှာက မစ္စတာမိုင်းလက်အား ချီးကျူး စကားပြောလိုက်လေ ပြီး မျောက်ကောင်သေရှိရာ သစ်ပင်အောက်သို့ သွားလိုက်သည်တွင် -

"ဟင်..."

"ဟာ... ဟာ... ဟွ့... ဟွ့"

မစ္စတာမိုင်းလက် ပစ်ချလိုက်သော မျောက်ကောင်သေကို လူပုသေးလေး တစ်ယောက်က ပြေးဝင် လာကောက်ယူသွားချေတော့၏။

မစ္စတာမိုင်းလက်နှင့် ပက်ထရီရှာတို့က ထိုမျောက်သေ ယူသွားသူ နောက်သို့ အပြေးကလေး လိုက်သွားကြတော့၏။

လူပင် သေးပုညှက်ပေငြား မြန်လိုက်သည့်ဖြစ်ခြင်း။ သို့ပြေးလွှားရင်း သစ်ပင်ကြီးတို့ ပေါက်ရောက်ခြင်းမရှိ မြက်ရိုင်းပင်နှင့် ချုံပုတ်ပင်ငယ်တို့ သာ ပေါက်လျက်ရှိသည့် အင်းပျက်ဆန်ဆန် နေရာသို့ ရောက်သည်တွင် မစ္စတာမိုင်းလက်သည် ရှေ့အတော်လှမ်းလှမ်းမှ ပြေးသွားနေသူကို ... လိုက် မမီလောက်သည့် တူတူ ကွင်းကိုကျော်၍ တစ်ဖက်တောအုပ်တွင်း ရောက် သွားသည်တွင် လုံးဝ မျက်ခြည်ပြတ် လက်လွှတ်လိုက်ရမည် ဖြစ်သည် ကြောင့် ထိုလူပုလေး နောက်ကို လုံးဝ အလွတ်မပေး လိုသည်ကြောင့် လက်တွင်းရှိ သေနတ်ဖြင့် ပစ်ခတ် ဖမ်းဆီးရန်အလို့ငှာ နောက်မှ ပြေးလိုက် ခြင်းကို ရပ်တန့်လိုက်ကာ ပစ်မှတ်ချိန်လိုက်တော့၏။

သို့ကြောင့် ပက်ထရီရှာသည်လည်း ဖခင်ဖြစ်သူနောက်နားတွင် ရပ်လိုက်

လေပြီး အခြေအနေကို အကဲခတ်လိုက်ချေတော့၏။ သို့ရှိစဉ်က...

"ဒါက လူသတ်မှုပေပဲ၊ ပါဏာတိပါတ ကံလည်း ထိုက်တော့မပေါ့"

သို့အသံကြောင့် သားအဖနှစ်ယောက်သည် နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

"ဟင်... ရသေ့ကြီးပါကလား"

တစ်ကြိမ်တစ်ခါ ဆုံဖူး မှတ်မိနေလေခြင်းကြောင့် ပက်ထရီရှာ သို့ဆိုသလို အသံ ထွက်သွားတော့၏။

မစ္စတာမိုင်းလက်သည် ရသေ့ကို ထူးဆန်းစွာ ကြည့်နေလေ၏။

"ရသေ့ရဲ့ ဟန့်တားမှုက ရသေ့အကျိုး မဟုတ်ပေဘူးကွဲ့ ... မပါပေဘူးကွဲ့၊ မင်းနဲ့ ဟိုတစ်ယောက် အတွက်ကွဲ့"

သို့ ရသေ့ပြောလေမှ မစ္စတာမိုင်းလက်တို့ သားအဖသည် ထွက်ပြေးသွားသူကို လှမ်းကြည့်လိုက်မိကြတော့၏။

အလိုလေးဗျာ ကွင်းအစပ် တောဘက် တောတန်းလေးအတွင်း ဝင်ရောက် ပျောက်ကွယ်သွားလေပြီပဲ။

မစ္စတာမိုင်းလက်သည် ရသေ့ရှိရာသို့ ပြန်လှည့်ကြည့်လိုက်ပြန်၏။

ရသေ့သည် သူတို့သားအဖကို ပြုံးပြုံးကြီး ကြည့်နေလေ၏။

ပက်ထရီရှာက ရသေ့ကြီးနှင့် ဆုံခဲ့ပြီးဖြစ်သည်ကြောင့် ရသေ့ကြီးကို ပြန်ကာ ပြုံးပြ ကြည့်နေလေ၏။

ရသေ့ကြီးသည် အတန်ကြာတွင် -

"မင်းက လူသားတစ်ယောက်ကို ဘာလို့ ပစ်ခတ်ရချင်တာတုံး၊ တိရစ္ဆာန်ကောင်တွေကို ပစ်ရတာတင် အားမရ ဖြစ်လို့လား၊ လူသားချင်း သတ်ဖြတ်တယ်ဆိုတာ ပိုအပြစ်ကြီးတာပေါ့"

လို့ ရသေ့ ပြောလေသည်ကြောင့် မစ္စတာမိုင်းလက် တစ်ယောက် လွန်မင်းစွာ မျက်စိမျက်နှာ ပျက်သွားချေတော့၏။

"နို့ဖြင့် ဒါ လူစင်စစ်တစ်ယောက်ပေါ့၊ ဟုတ်လား"

ရသေ့က ပြုံးပြ ခေါင်းဆတ်ညိတ်ပြ ပြောလိုက်၏။

"ကျုပ် နှစ်ကြိမ်ရှိပြီ မြင်ဖူးတာ၊ လူစင်စစ်မှ ဟုတ်ပါလေစလို့ ထင်မိလို့ လည်း ပစ်ခတ်ဖမ်းဆီးဖို့ လွယ်လင့်တကူ ဆုံးဖြတ်မိတာပေါ့"

"နို့... နေပါဦး၊ မင်းနဲ့ သည်သူငယ်မက ဘယ်လိုတော်စပ်လို့ ဘယ်လို ကြောင့် သည်တောတောင်ထဲ ရောက်လာကြတာတုံး"

ရသေ့က သိလိုသည်ကိုသာ မေးလာချေတော့သဖြင့် မစ္စတာမိုင်း လက်သည် ဖြစ်ကြောင်း ကုန်စင်ကို ပြောပြလိုက်တော့၏။

သည်တွင် ရသေ့သည်-

"ရသေ့တော့ ... လမ်းမည္ဆန်တတ်ဘူးကွဲ့၊ နို့ပေမင့်လို့ ဖြစ်နိုင်ချေကို ပြော ရလျှင်ဖြင့် ရသေ့ရဲ့ ကျောင်းသခ်ိမ်းက ဟိုးရှေ့တောင်အုန်းပင်ကြီး နှစ်ပင် ယှဉ်ပေါက်နေတဲ့ တောင်ကြောမယ် ရှိသကွဲ့၊ လတ်တလော ရသေ့နဲ့ လိုက်ခဲ့ ကြပေါ့၊ အဲဒီကနေမှ မင်းပြောတဲ့ တောင်သလဲဆင်စခန်း ဖြစ်နိုင်ချေရှိတဲ့ နေရာကို လှမ်းပြလိုက်မကွဲ့၊ ဘာလို့လဲဆိုတော့ ရသေ့ကျောင်းသခ်ိမ်းမှာ နေ့စဉ် လူသံတွေ ဆင်သံတွေ ဆူဆူညံညံ ကြားရတတ်လို့ပေပဲကွဲ့"

သို့ ရသေ့စကားကြောင့် မစ္စတာမိုင်းလက် တစ်ယောက် လွန်မင်းစွာ ဝမ်းသာတော့၏။ သို့ကြောင့် သမီးဖြစ်သူဘက် လှည့်ကြည့် ပြုံးပြလိုက် လေ၏။

သို့ဖြင့် ရသေ့ ဦးဆောင်မှုနှင့် မစ္စတာမိုင်းလတ်တို့ သားအဖသည် တောင်အုန်းနှစ်ပင် ယှဉ်တွဲပေါက်နေသည့် တောင်ကြောနေရာရှိ

ရသေ့၏ကျောင်းသခ်ၤမ်းသို့ ရောက်သွားကြတော့သည်။

ရသေ့၏ ကျောင်းသခ်ၤမ်းသို့ ရောက်သည်တွင် ပက်ထရီရှာတစ်ယောက် လွန်မင်းစွာ စိတ်ချမ်းမြေ့ခြင်း ဖြစ်ရတော့၏။

တောင်ကြောပေါ်တွင် ရှိချေ၏။

တောင်အုန်းပင်ကြီး နှစ်ပင်အောက်တွင် ဆောက်လုပ်ထားသည့် ဝါး ကျောင်း သခ်ၤမ်းလေးသည် နေချင့်စဖွယ် ကောင်းပေတော့၏။

ထိုကျောင်းသခ်ၤမ်းတစ်ဝိုက် အမှိုက်သရိုက် ကင်းရှင်းလို့ နေ၏။

ထိုနေရာလေးမှ လေးဖက်လေးတန်သို့ ကြည့်လိုက်မည်ဆိုလျှင် အပြာရောင် မိုးသားပြင်ကြီးနှင့် စိမ်းစိမ်းညိုညို့ တောင်ကြောအထပ်ထပ်တို့သည် လက်ရာမြောက်လှသော ပန်းချီကားတစ်ချပ် ဖြစ်ချေတော့၏။

အပြာရောင် မိုးသားပြင်ကြီးကို နောက်ခံ၍ ပျံသန်းသွားကြသည့် ငှက်ကြီးများသည် သဘာဝ အလှတရားကို ပို၍ ပေါ်လွင်စေ၏။

သည့်ပြင် တောင်တန်းထိပ်တို့မှ လွင့်ပျံ့ထွက်လာသော ကျေးငှက်သာရကာတို့၏ အသံသည် မဝီဝိုးတဝါး ဖြစ်လိုဖြစ်၊ ပြတ်ပြတ်သားသား ဖြစ်လိုဖြစ်၊ သဲ့သဲ့ကြားလိုက်၊ ကျယ်ကျယ်လောင်လောင် ကြားလိုက် ဖြစ်လေ၏။

တောဆင်ရိုင်းကောင်တို့၏ တကျီးစ်လ် ကျီးစ်လ် အော်သံသည်လည်း ရံခါဆိုသလို ကြားရပြန်လေ၏။

ပို၍ ကြည်နူးဖွယ်ကောင်းသည်မှာ ရသေ့ကြီး၏ ကျောင်းသခ်ၤမ်းနှင့် မဝေးလှသောနေရာ သစ်ပင်ထက်ဆီမှာ ဇီးကွက်ကောင်တို့၏ အသံသည် သာလျှင် ဖြစ်တော့၏။

"လူတို့ လာဘ်ကောင်ဟု ဆိုကြသည့် ဇီးကွက်ကောင်တို့၏ အသံသည်

သာယာသည့် လာဘ်ခေါ်သံပင် ဖြစ်ချေတော့၏။

"စိတ်ကြည်နူးလိုက်တာ ရသေ့ကြီးရယ်"

သို့ဆိုသလို ပက်ထရီရှာက လှိုက်လှိုက်လဲလဲ ပြောလိုက်လေတော့၏။

"နို့ဖြင့်လည်း သူငယ်မရယ်.. မင်း ဇာမဏီနဲ့ နေပါကလား"

သို့ရသေ့က ပြောလေသဖြင့် မစ္စတာမိုင်းလက်နှင့် ပက်ထရီရှာသည် ရသေ့ကြီးကို အံ့ဩတကြီး ကြည့်လိုက်ကြလေပြီး...

"ဇာမဏီ ဆိုတာ ဘယ်သူလဲ၊ ဘာလို့ သူနဲ့လည်း နေစေချင်တာလဲ"

လို့ ပြုံးတူ မေးလိုက်ကြတော့၏။

သည်တော့မှ ရသေ့ကြီးသည် သူ လွှတ်ခနဲ ပြောလိုက်မိသည့် စကား အတွက် မည်သို့ ပြန်လည် ရှင်းပြရမည်ကိုမသိ ဖြစ်သွားသည်ကြောင့် ... အတန်ကြာ နှုတ်ဆွံ့သွားတော့၏။ အတန်ကြာလေမှ...

"အင်း... မဖြစ်သေးဘူး ထင်ပါတယ်၊ သည်စကား မပြောဘူးလို့သာ မှတ်ထားကြကွဲ့၊ ကဲ...ကဲ...ရသေ့ ကျောင်းသခင်မ်းမတော့ သစ်သီး သစ်ဥ သစ်ဖုတွေပဲရှိသကွဲ့၊ စားကြချေ၊ ပြီးလျှင် နားနေကြဦး၊ ရသေ့ အဓိဋ္ဌာန်ပုတီး စိပ်စရာရှိလို့ သွားချေဦးမယ်၊ ပြီးလျှင် မင်းတို့သားအဖကို တောင်သလဲဆင် စခန်း သွားလမ်းပြလိုက်မယ်၊ သည်ကနေ့ သွားလို့တော့ မရဘူးနော်၊ နက်ဖြန် စောစောမှ သွားလို့ဖြစ်မယ်၊ ဘာလို့လဲဆိုတော့ ညကျလေမှ ကျောင်းမှာကြားရတဲ့ လူသံ၊ ဆင်သံတွေကို နားထောင်ပြီး ဘယ်နား လောက်ဆိုတာ မှန်းပြီး သွားရမှာကြောင့်ကွဲ့"

လို့ ပြောလေသည်တွင် မစ္စတာမိုင်းလက်လည်း တောင်သလဲဆင်စခန်း သွားလိုသည်ဆန္ဒ အဓိကဖြစ်ခြင်းကြောင့် ဇာမဏီဆိုသည်ကို မေ့ဖျောက် လိုက်တော့၏။

သို့နယ်လည်းကောင်း ပက်ထရီရှာသည်လည်း တောင်သလဲဆင်စခန်းသို့ သာ ရောက်လို သည်ကြောင့် သူမသည်လည်း ဇာမဏီဆိုသည်ကို မေ့သွား လေတော့၏။

ရသေ့ကြီးသည် သို့ပြောပြီးသည်နှင့် မစ္စတာပိုင်းလက်တို့ သားအဖ၏ စူးစမ်း မေးခွန်းကို မကြားလိုတော့သည်ကြောင့် ဘုရားစာတစ်ပုဒ်ကို ရွတ်ဖတ်နေလိုက်တော့၏။

သည်တော့လည်း မစ္စတာမိုင်းလက်တို့ သားအဖသည် မြန်မာပြည်တွင် အနေကြာလေပြီး မြန်မာပြည်ပေါက် ဖြစ်လေခြင်းကြောင့် သူတို့ကိုယ်၌... ခရစ္စယာန် ဘာသာဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာတရားကို တီးခေါက် နားလည် လေခြင်း ရှိသည်ကြောင့် နားမလည်သော်လည်း ငြိမ်သက်စွာ နားထောင် နေလိုက်ကြ၏။

ရသေ့ကြီးသည် ဘုရားစာကို ဌာန်ကရိုင်းကျကျ ရွတ်ဖတ်လိုက်ပြီးသည် နှင့် လက်တွင်းရှိ ကြေးစည်လေးကို နောင် ဝေ ဝေ ဝေ လို့ မြည်အောင် ဆတ်ခနဲ ရိုက်ခတ်လိုက်လေပြီး သူတို့သားအဖကို ကျောခိုင်း၍ ခြေလှမ်းမှန် မှန်ဖြင့် လျှောက်လှမ်းသွားတော့၏။

***